# EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR, TOKYO

## NEWSLETTER VOLUME NO. 2

**DATED: 1st March. 2025**

| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၅) ကျင်းပ |
| ၂။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား |
| ၃။ | မန္တလေးနန်းမြို့ရိုးအနောက်ဘက် စည်ရှည်တံခါးအနီး ရှေးမူမပျက်အသစ်ပြန်လည် တည်ဆောက်ပြီးခဲ့သည့် စည်ရှည်တံတားဖွင့်ပွဲ အခမ်းအနားကျင်းပ |
| ၄။ | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ |
| ၅။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ လက်ထောက်ဝန်ကြီး မစ္စတာလျှိုကျုံးရီ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားတို့နှင့်တွေ့ဆုံ |
| ၆။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms. Kirstine Damkjaer အား လက်ခံတွေ့ဆုံ |
| ၇။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ AHA Centre မှ အမှုဆောင်ညွှန်ကြားရေးမှူး မစ္စတာလီယမ်မင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ |
| ၈။ | ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန် အား လက်ခံတွေ့ဆုံ |
| ၉။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ငီယမ်ဖုန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက် |

| | |
|---|---|
| ၁၀။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားအား မြန်မာသံရုံး ၊ တိုကျိုမြို့တွင် ကျင်းပပြုလုပ်ခဲ့ခြင်း |
| ၁၁။ | သံအမတ်ကြီး ဦးစိုးဟန်မှ ဂျပန်ကိုမေးတိုးပါတီဥက္ကဋ္ဌကြီး Mr. Tetsuo Saito အား သွားရောက်တွေ့ဆုံခဲ့ခြင်း |
| ၁၂။ | အာဆီယံ-ဂျပန်စင်တာ၏ (၄၄) ကြိမ်မြောက် ကောင်စီဒါရိုက်တာများ၏ ဒုတိယအကြိမ် အစည်းအဝေးသို့ မြန်မာကောင်စီဒါရိုက်တာ သံအမတ်ကြီး ဦးစိုးဟန်ပါဝင်တက်ရောက် |
| ၁၃။ | (၃၂၄) ကြိမ်မြောက် အာဆီယံကော်မတီ (တိုကျို)အစည်းအဝေးသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက် |
| ၁၄။ | (၃၁) ကြိမ်မြောက် အာဆီယံ-တရုတ် အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်တက်ရောက် |
| ၁၅။ | အာဆီယံ-မြန်မာ အဆင့်မြင့်အရာရှိကြီးဖြစ်သူ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် (၂၁)ကြိမ်မြောက် အာဆီယံ-ရုရှား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ တက်ရောက် |
| ၁၆။ | Asia-Pacific Ladies Friendship Society (ALFS) ၏ (၂၀၂၄-၂၀၂၅ ) တတိယအကြိမ်မြောက် အစည်းအဝေးသို့ မြန်မာသံအမတ်ကြီး၏ ဇနီး ဒေါ်လှဲ့လှဲ့ဝါ ပါဝင်တက်ရောက် |
| ၁၇။ | မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၇၀၀ သန်းရရှိနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိ |
| ၁၈။ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁.၃၃ ဘီလီယံ ဝင်ငွေရရှိခဲ့ |
| ၁၉။ | မြန်မာနိုင်ငံရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအနေဖြင့် စက်မှုကဏ္ဍတွင် ၂၂ ရာခိုင်နှုန်းကျော် ရင်းနှီးမြှုပ်နှံလျက်ရှိ |
| ၂၀။ | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပုဂံ |
| ၂၁။ | ၂၀၂၆ တွင် ခြင်းလုံးအားကစားကို ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ အမည်စာရင်းတင်သွင်းရန် ဆောင်ရွက်ခြင်း |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၅) ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၅) ကို နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အဓိက မောင်းနှင်အားဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ စက်မှုကဏ္ဍ၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍများ ဖွံ့ဖြိုးတိုးရေးကိုအရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးတိုး တက်ရေးကော်မရှင်၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်နှင့် လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက် ရေးကော်မရှင်တို့ကိုဖွဲ့စည်းခဲ့ကြောင်း၊ ဖွဲ့စည်းထားသည့်ကော်မရှင်များအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူ အကောင်အထည်ဖော်ကြရမည် ဖြစ်သည့်အတွက် ထိထိရောက်ရောက် အကောင်အထည်ဖော် နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အနာဂတ်အတွက် ကလေးအားလုံးကျောင်းနေပြီး ပညာသင်ကြားနိုင်ရေး ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများ အားလုံး ပူးပေါင်းပြီး လှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ အားပေးပံ့ပိုးခြင်း စသည့်နည်းလမ်းများဖြင့် ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန်လိုကြောင်း။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင် သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ဆုံးရှုံးမှုများသည်လည်းသဘာဝဘေးအန္တရာယ် သတ်မှတ်ချက်ထဲတွင်အကျုံးဝင်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် တိုက်ပွဲရှောင်ပြည်သူ များကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံရေးနည်းလမ်းကို စားပွဲဝိုင်းပေါ်တွင် တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ အဖြေရှာနိုင်မည် ဖြစ်သည့်အတွက် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အမြဲတမ်းကြိုဆိုလမ်းဖွင့်ပေးထားသည်ကို ပြောကြားလိုကြောင်း။

EMBASSY OF MYANMAR, TOKYO

မိမိနိုင်ငံ၏အကျယ်အဝန်းနှင့် ယခုကောက်ယူရရှိသည့် လူဦးရေစာရင်းကို နှိုင်းယှဉ်ကြည့်ပါက လူဦးရေနည်းပါးသည်ဟု ယူဆရမည်ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုက်သင့်သည့်လူဦးရေနှင့် နှစ်အလိုက်ထိုက်သင့်သည့် လူဦးရေတိုးတက်မှုနှုန်းရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ကလေးမွေးဖွားနှုန်း မြင့်မားလာရန်နှင့် သေဆုံးနှုန်း ကျဆင်းစေရန် ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ တိုးမြှင့်ထောက်ပံ့ခြင်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းခြင်းနှင့်ပတ်သက်၍လည်း နိုင်ငံတော်၏စီးပွားရေးအခြေအနေများ၊ နိုင်ငံရေးအခြေအနေများ၊ တည်ငြိမ်မှုနှင့်တိုးတက်ကောင်းမွန်မှုရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ရှိသင့်ရှိထိုက်သည့်လူဦးရေ ဖြစ်ပေါ်လာရန်အတွက် နိုင်ငံနှင့်ကိုက်ညီသည့်လူဦးရေမူဝါဒများကို ဆက်လက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားတစ်ဦးချင်း၏ ဆန္ဒသဘောထားကို လွတ်လပ်စွာထုတ်ဖော်ပြသခြင်းပင်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမည်မှာ နိုင်ငံတော်အစိုးရ၏တာဝန်ဖြစ်ပြီး ဆန္ဒမဲပေးခြင်း၊ မပေးခြင်းမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ခံယူချက်အရသာဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ နိုင်ငံ့အရေးကို မြန်မာနိုင်ငံသားများကသာ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ နိုင်ငံရေးအခြေအနေများကို နိုင်ငံတကာဖိအားနှင့် အခြားဖိအားများထက် မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပြည်တွင်းရေးအခြေအနေများအပေါ်တွင်သာ အဓိကဦးတည်ပြီး အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီးတရားမျှတမှုအပြည့်ဖြင့်ကျင်းပနိုင်မည့် အထွေထွေရွေးကောက်ပွဲ တစ်ရပ်ဖြစ်ရန် တည်ငြိမ်အေးချမ်းမှု လိုအပ်နေသေးသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် အထက်ပါလုပ်ဆောင်ရန်လိုအပ်ချက်များကို အရှိန်အဟုန်မပြတ်ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ခွင့်ကို ထပ်မံ၍ ၆ လ သက်တမ်းတိုးမြှင့်ပေးနိုင် ရန်တင်ပြအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံးက နိုင်ငံတော်၏ လက်ရှိဆောင်ရွက်နေဆဲလုပ်ငန်းများတွင် လုပ်ငန်းအခြေအနေများအရ၊ နိုင်ငံရေးအခြေအနေအရ အရေးပေါ်ကာလထပ်မံ သက်တမ်းတိုးရန်အတွက် တစ်ညီတစ်ညွတ်တည်း ထောက်ခံဆွေးနွေး သဘောတူညီမှုကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ “နိုင်ငံတော်တစ်ဝန်း

EMBASSY OF MYANMAR, TOKYO

လုံးအရေးပေါ် အခြေအနေ ကြေညာထားသည့်ကာလကို ၁-၂-၂၀၂၅ ရက်မှစပြီး နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း” ကို ကြေညာအပ်ပါကြောင်းပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၅) ကို ရုပ်သိမ်းခဲ့ပါသည်။



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၅) ကျင်းပစဉ်။**

EMBASSY MYAN

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ပြန်လည်ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

ကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဦးတည်ချက်များနှင့် ရေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ လူမှုရေးနှင့်ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအားလုံးကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် ချမှတ်ထားခြင်းဖြစ်ကြောင်း၊ နိုင်ငံတိုးတက်ကောင်းမွန်စေ ရေးအတွက် ဆောင်ရွက်ရမည့် အစိုးရတစ်ရပ်၏ မူဝါဒများပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရ အဖွဲ့မှ ဦးဆောင်လမ်းညွှန်မှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လုပ်ငန်းများ အောင်မြင်စေရေး လက်တွေ့ကြပ်မတ်ကွပ်ကဲနေရန်လိုကြောင်း။

နိုင်ငံ GDP တိုးတက်ရေးအတွက် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှု ကဏ္ဍကြီးဟူ၍ ကဏ္ဍကြီးသုံးရပ်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများ တွင် GDP နည်းပါးသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြားနိုင်ငံများထက် ထုတ်လုပ်မှုစွမ်းရည်မှာ အားနည်းနေသေးသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှု တိုးတက် စေရေး အားပေးဆောင်ရွက်မှသာ နိုင်ငံ၏ GDP မှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း။

ဒေသအလိုက်ထူးခြားသည့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ ဥပမာအားဖြင့် မိမိတို့နိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် သရက်၊ စတော်ဘယ်ရီ၊ မက်မန်း၊ ကော်ဖီနှင့် အခြားသီးနှံများကို အရည်အသွေးကောင်းမွန်စွာဖြင့် ပိုမိုထုတ်လုပ်နိုင်ရေး သုတေသနပြု ဆောင်ရွက်ရန်လိုကြောင်း။

အလားတူ စက်မှုထုတ်သီးနှံများဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာနှင့် အခြားသီးနှံများဖြစ်သည့် ပဲ၊ ပြောင်း၊ နေကြာ၊ နှမ်းတို့သည် နိုင်ငံအလိုက် ဈေးကွက်ရရှိနိုင်သည့်အတွက် တိုးတက်စိုက်ပျိုး ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

မိမိအနေဖြင့် နိုင်ငံသူ နိုင်ငံသားများ၏ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအပြင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကိုလည်း ဖြစ်ပွားရသည့်အကြောင်း အရင်းနှင့် ပြန်လည်တည်ဆောက်ရမည့် အခြေအနေများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိ သူများ၊ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက် ရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်အောင် ကြပ်မတ်ဆောင် ရွက်ခဲ့ကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊

EMBASSY OF MYANMAR, TOKYO

လက်နက်ကိုင်သောင်းကျန်းမှု ဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ ဆုံရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ် သတ်မှတ်ချက်များတွင် အကျုံးဝင်သောကြောင့် နိုင်ငံတော်အနေဖြင့် တိုက်ပွဲရှောင်ပြည်သူများကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး စာရင်းပြုစုကောက်ယူလျက်ရှိကြောင်း၊ စာရင်းပြုစုမှုများတွင် သက်ဆိုင်ရာနယ်မြေများအလိုက် တိုက်ပွဲရှောင်ပြည်သူများအားလုံးပါဝင်မှုရှိစေရေး၊ စာရင်းတွင်မပါဝင်ဘဲ ကျန်နေခဲ့သူများမရှိစေရေး စနစ်တကျ မြေပြင်စာရင်းကောက်ယူသွားရန်နှင့် ထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေးသည် မိမိတို့၏ အန္တိမရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲကျင်းပပေးပြီး ပေါ်ပေါက်လာသည့် လွှတ်တော်များအတွင်းတွင်လည်း တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာပါဝင်လာရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် လွှတ်တော် ၃ ရပ်အတွက် ရွေးကောက်တင်မြှောက်မှုများကို ဥပဒေနှင့်အညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲမသမာမှုများမဖြစ်စေရေး၊ မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာ မဲပေးနိုင်ရေး၊ မဲရလဒ်မှန်ကန်ရေး၊ ပယ်မဲမရှိရေး၊ မဲမသမာမှု မပြုလုပ်နိုင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine) ကို အသုံးပြုနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

EMBASSY OF MYANMAR, TOKYO




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှာစကားပြောကြားစဉ်။**

## မန္တလေးနန်းမြို့ရိုးအနောက်ဘက် စည်ရှည်တံခါးအနီး ရှေးမူမပျက်အသစ်ပြန်လည် တည်ဆောက်ပြီးခဲ့သည့် စည်ရှည်တံတားဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၈

မန္တလေးနန်းမြို့ရိုးအနောက်ဘက် စည်ရှည်တံခါးအနီး ရှေးမူမပျက်အသစ်ပြန်လည် တည်ဆောက်ပြီးခဲ့သည့် စည်ရှည်တံတားဖွင့်ပွဲအခမ်းအနားကို ၈-၂-၂၀၂၅ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားကမွည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အဆိုပါ မန္တလေးမြို့ရိုးအနောက်ဘက်ရှိ စည်ရှည်တံတားသည် မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးလက်ထက်၌ မြနန်းစံကျော်ရွှေနန်းတော်နှင့်အတူ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဒုတိယကမ္ဘာစစ်ကာလအတွင်း စစ်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရကြောင်း၊ စည်ရှည်တံတားသည် မန္တလေးနန်းမြို့ရိုး၏ အနောက်ဘက်ထွက်ပေါက် ပင်မတံတား

EMBASSY OF MYANMAR

တစ်စင်းဖြစ်ကြောင်း၊ တံတားအား မူလပုံစံအတိုင်း ရှေးမူမပျက်တည်ဆောက်နိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ မန္တလေးနန်းတော်ကြီး၏ လေးပြင်လေးရပ်တို့တွင် တစ်ဖက်လျှင် တံခါးပေါက်ကြီး သုံးပေါက်စီဖြင့် တံခါးပေါက် ၁၂ ပေါက်တည်ဆောက်ထားပြီး ထိုသုံးပေါက်၏ အလယ်တံခါးကို ခတ်နာမ်များဖြင့် မှည့်ခေါ်ထားခဲ့ကြောင်းနှင့် ယခုကဲ့သို့ အနောက်ဘက်အရပ်ရှိ စည်ရှည်တံတားကြီးကို ပြန်လည်တည်ဆောက်ခြင်းအားဖြင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ဖြစ်သည့် မြနန်းစံကျော်ရွှေနန်းတော်ကြီး၏အင်္ဂါရပ်ကို ပြန်လည်၍ပိုမိုပြည့်စုံစေမည်ဖြစ်ကြောင်း သိရှိရပါသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စည်ရှည်တံတား ကမ္ပည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။**

EMBASSY OF MYANMAR, TOKYO



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တံတားကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။**

## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၅-၂-၂၀၂၅ ရက်နေ့၊ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရန် ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များအသီးသီး ချမှတ်ထားပြီးဖြစ်ကြောင်း၊ MSME လုပ်ငန်းကော်မတီ စတင်ဖွဲ့စည်းသည့်အချိန်မှ ယခုအချိန်ထိ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အားသာချက်၊ အားနည်းချက်များ၊ သက်ဆိုင်ရာ

ဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအဆင့် လုပ်ငန်းချိတ်ဆက်နိုင်မှု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအချင်းချင်း၊ လုပ်ငန်းရှင်များအချင်းချင်း လုပ်ငန်းများချိတ်ဆက်နိုင်မှု၊ အတွေ့ အကြုံဖလှယ်နိုင်မှုများတွင် လိုအပ်ချက်များရှိနေသည်ကိုတွေ့ရကြောင်း၊ ထုတ်ကုန်ပစ္စည်း ကွာခြားချက်၊ ဈေးနှုန်းနှင့်အရည်အသွေး၊ ထုတ်ပိုးမှုပုံစံ၊ နည်းပညာ၊ ပြည်ပတင်ပို့နိုင်မှု အခြေအနေတို့ကိုနှိုင်းယှဉ်နိုင်ပြီး လိုအပ်ချက်များ ပြုပြင်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပပေးခြင်း ဖြစ်ကြောင်း။

MSME ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်၌သာမက ပြည်ပသို့လည်း တင်ပို့နိုင်ရမည် ဖြစ်ပြီး ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက်များ၊ စာရွက်စာတမ်းဆိုင်ရာ လိုအပ်ချက်များကို လုပ်ငန်းရှင်များအနေဖြင့် သိရှိနားလည်မှသာ လုပ်ငန်းများပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများပြုလုပ်ခြင်းမှ ပြည်နယ်နှင့် တိုင်းဒေသကြီး ထုတ်ကုန်များအနေဖြင့် သွင်းကုန်အစားထိုး ပြည်တွင်းဈေးကွက်အတွင်း ပြည်သူများ သုံးစွဲနိုင်မည်ဖြစ်ပြီး ပြည်ပသို့တင်ပို့နိုင်ရန်အတွက် လိုအပ်သည့်နည်းစနစ်ပိုင်းနှင့် အချက်အလက်များ၊ အထောက်အထားပိုင်းများကို ဝန်ကြီးဌာနများနှင့် မည်သို့ချိတ်ဆက်၍ ဆောင်ရွက်ပေးနိုင်မည်ကို လုပ်ငန်းရှင်များအားလုံး သိရှိနိုင်ရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

MSME လုပ်ငန်းကော်မတီ စတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့ချိန်အထိ တိုးတက်မှု ရှိသော်လည်းပို့ကုန်တိုးမြှင့်နိုင်ရန်လိုကြောင်း ပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသူ များမှ MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

EMBASSY OF MYANMAR, TOKYO



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ လက်ထောက်ဝန်ကြီး မစ္စတာလျှိုကျုံးရီ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးမစ္စမာကျားတို့နှင့်တွေ့ဆုံ


(၁၄-၂-၂၀၂၅ ရက်၊ နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီး ဌာန၊ လက်ထောက်ဝန်ကြီး မစ္စတာလျှိုကျုံးရီ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားတို့နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို ၁၄-၂-၂၀၂၅ ရက် ၁၄၀၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ခိုင်မာစေရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးအတွက် တရားဥပဒေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နယ်စပ်ဒေသရှိ အွန်လိုင်းလောင်းကစား နှင့် လိမ်လည်မှုကွန်ရက်များ ပူးပေါင်းတိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံသက်ဆိုင်ရာဌာနများ အကြားပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာပါအဝင် မြန်မာ-တရုတ်- ထိုင်း (၃) နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားရေး၊ မြန်မာ-တရုတ်နှစ်နိုင်ငံ

EMBASSY OF MYANMAR TOKYO

နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး ပိုမိုမြှင့်တင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရှိရပါသည်။



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ လက်ထောက်ဝန်ကြီး မစ္စတာလျိုကျုံးရီအား ရင်းရင်းနှီးနှီးလက်ခံတွေ့ဆုံစဉ်။**

EMBASSY OF



**မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပပြုလုပ်စဉ်။**

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms. Kirstine Damkjaer အား လက်ခံတွေ့ဆုံ

(၆-၂-၂၀၂၅ ရက်၊ နေပြည်တော်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services-UNOPS) ၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms. Kirstine Damkjaer အား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်၊ ၁၀၃၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံရာတွင် UNOPS က မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး၊ မြန်မာနိုင်ငံနှင့် UNOPS တို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။



**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms. Kirstine Damkjaer အား လက်ခံတွေ့ဆုံစဉ်။**

EMBASSY OF MYANMAR

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ AHA Centre မှ အမှုဆောင်ညွှန်ကြားရေးမှူး မစ္စတာလီယမ်မင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

(၆-၂-၂၀၂၅ ရက်၊ နေပြည်တော်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့ ၁၃၃၀ နာရီအချိန်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ AHA Centre မှ အမှုဆောင်ညွှန်ကြားရေးမှူး မစ္စတာလီယမ်မင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

အစည်းအဝေး၌ မစ္စတာလီယမ်မင်းသည် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှု အကူအညီများပေးအပ်ရန် AHA Centre မှ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး အာဆီယံတူညီဆန္ဒ(၅)ချက်၏ စတုတ္ထအချက် အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်တစ်လျှောက်တွင်သာမက ဆိုက်ကလုန်းမိုခါ ရိုက်ခတ်ခံစားခဲ့ရမှုများအား

တုံ့ပြန်ရာတွင် အဆင်ပြေချောမွေ့စေရေး မြန်မာနိုင်ငံအစိုးရ၏ ကူညီဆောင်ရွက်ပေးခဲ့မှုများ အပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ဒုတိယဝန်ကြီးချုပ်က AHA Centre ၏ ကြိုးပမ်းအားထုတ်မှုများအတွက် ကျေးဇူးတင်ရှိကြောင်းပြောကြားကာ လိုအပ်နေသည့်မြန်မာပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် အတူတကွပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးတွင် ကာလရှည်အကျိုးရှိစေမည့် ဦးဆောင်ဦးရွက်ပြုမှုများကိုလည်းဆောင်ရွက်စေလိုပါကြောင်း အလေးအနက်ထားပြောကြားခဲ့ပါသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်က AHA Centre ၏ လုပ်ငန်းအကောင်အထည်ဖော်မှုနှင့် လူသားချင်းစာနာမှု အကူအညီများ အမှန်တကယ်လိုအပ်နေသူများထံသို့ရောက်ရှိရေး မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ပံ့ပိုးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။



**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ AHA Centre မှ အမှုဆောင်ညွှန်ကြားရေးမှူး မစ္စတာလီယမ်မင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန် အား လက်ခံတွေ့ဆုံ

(၇-၂-၂၀၂၅ ရက်၊ နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန် အား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်၊ (၁၀၀၀)နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ပိုမိုနီးကပ်သည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအပါအဝင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာရေးနည်းလမ်းများကို အမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေး အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

EMBASSY OF MYANMAR, TOKYO



**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန် အား လက်ခံတွေ့ဆုံစဉ်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ် ဆတ်ငီယမ်ဖုန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်

(၂၂-၂-၂၀၂၅ ရက်၊ နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ် ဆတ်ငီယမ်ဖုန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်ခဲ့ပါသည်။

ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ် ဆတ်ငီယမ်ဖုန်သည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဂါရဝပြုတွေ့ဆုံခဲ့ပြီး နေ့လယ်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေနှင့် တွေ့ဆုံကာ မြန်မာ-ထိုင်း နှစ်နိုင်ငံဆွေးနွေးပွဲကို Jasmine Nay Pyi Taw Hotel ၌ ကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲနှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု ဆက်လက်မြှင့်တင်ရေး၊ အထူးသဖြင့် တရားမဝင်နယ်စပ်ကုန်သွယ်ရေး၊ တရားမဝင်မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်မှု၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှုနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုစသည့် တရားမဝင်လုပ်ငန်းများ တိုက်ဖျက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး အပါအဝင် ဒေသတွင်းနှင့်နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးနှင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအပါအဝင် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ် ဆတ်ငီယမ်ဖုန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်

EMBASSY OF MYANMAR, TOKYO

အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရပါသည်။

ခရီးစဉ်အတွင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ၂၁-၂-၂၀၂၅ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမျှော်ခဲ့ပြီး ယင်းနေ့ ညနေပိုင်းတွင် ထိုင်း ကိုယ်စားလှယ်အဖွဲ့အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ အလုပ်သဘောညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံခဲ့ကြောင်း သိရှိရ ပါသည်။



**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ် ဆတ်ငီယမ်ဖုန် အား ရင်းရင်းနှီးနှီးလက်ခံတွေ့ဆုံစဉ်။**



**မြန်မာ-ထိုင်း နှစ်နိုင်ငံ တရားမဝင်လုပ်ငန်းများတိုက်ဖျက်ရေးတို့တွင်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပစဉ်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားအား မြန်မာသံရုံး ၊ တိုကျိုမြို့တွင် ကျင်းပပြုလုပ်ခဲ့ခြင်း

(၇-၂-၂၀၂၅ ရက် ၊ တိုကျိုမြို့)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားအား ၇-၂-၂၀၂၅ ရက်နေ့ (သောကြာနေ့) နံနက် (၁၁း၀၀) နာရီတွင် မြန်မာသံရုံး၊ တိုကျိုမြို့ရှိ ဧရာဝတီခန်းမကြီး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ အာဆီယံသံရုံးများမှ သံအမတ်ကြီးများနှင့်ဇနီးများ၊ ဂျပန်နိုင်ငံ အခြေစိုက် နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ/သံရုံးယာယီတာဝန်ခံများနှင့် ၎င်းတို့၏ ဇနီးများ၊ သံရုံးဒုတိယအကြီးအကဲများနှင့် သံတမန်များ၊ စစ်သံမှူးများ၊ ဂျပန်နိုင်ငံ အထက်နှင့် အောက်လွှတ်တော် ၂-ရပ်မှ လွှတ်တော်အမတ်များ၊ ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းများမှ

တာဝန်ရှိသူများ၊ Asia-Pacific Ladies Friendship Association (ALFS) ၊ Ikebana International၊ Tokyo Women Club စသည့် အမျိုးသမီးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဂျပန်စီးပွားရေး ကုမ္ပဏီများမှ အကြီးအကဲနှင့်တာဝန်ရှိသူများ၊ အာဆီယံ-ဂျပန်စင်တာ၏ အတွင်းရေးမှူးချုပ် Dr. Kunihiko Hiyabayashi နှင့် တာဝန်ရှိသူများ၊ ကိုဘေးနှင့် နာဂိုယာမြို့ တို့ရှိမြန်မာနိုင်ငံဆိုင်ရာ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များ၊ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသား များ၊ ဂျပန်နိုင်ငံတွင် ပညာသင်ကြားနေကြသည့် မြန်မာအစိုးရပညာတော်သင်များနှင့် ပုဂ္ဂလိက ပညာသင်များ၊ ဂျပန်နိုင်ငံတက္ကသိုလ်များမှ ပါမောက္ခများ၊ ကျောင်းသား/ကျောင်းသူ များနှင့် ဖိတ်ကြားထားသူများ၊ စုစုပေါင်း ဧည့်သည်တော် (၃၀၀) ကျော် ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားသို့ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၊ ကာကွယ်ရေးဦးစီးချုပ်ဟောင်း Mr. Shigeru Iwasaki၊ ဂျပန်နိုင်ငံ ပြန်လည်ထူထောင်ရေးဝန်ကြီးဟောင်း Mr. Hiromichi Watanabe နှင့်ကိုမေးတိုးပါတီမှ အထက်လွှတ်တော်အမတ်ကြီး Mr. Hideki Niizuma တို့မှ အထူးဧည့်သည် တော်များအဖြစ် ပါဝင်တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်မှ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဧည့်ခံပွဲအခမ်းအနားမိန့်ခွန်းကို ပြောကြားခဲ့ရာ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းအကျဉ်း၊ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ကာလရှည်ကြာသော ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး ထူထောင်ထားရှိမှု၊ မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေးဖြစ်ပေါ်တိုးတက်မှုများ၊ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင် နေမှု၊ မြန်မာ-ဂျပန်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေများကို ထည့်သွင်းပြောကြားခဲ့ပြီး နှစ်နိုင်ငံနှင့်ပြည်သူများ၏အကျိုးစီးပွားအတွက် ရှိရင်းစွဲရင်းနှီးချစ် ကြည်သည့်ဆက်ဆံရေးအား ဆက်လက်တိုးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၊ ကာကွယ်ရေးဦးစီးချုပ်ဟောင်း Mr. Shigeru Iwasaki၊ ကိုမေးတိုးပါတီမှ ဂျပန်အထက်လွှတ်တော်အမတ်ကြီး Mr. Hideki Niizuma တို့က ဂုဏ်ပြုမိန့်ခွန်းများကို အသီးသီးပြောကြားခဲ့ကြပါသည်။ ထို့နောက် ဂျပန်နိုင်ငံ ပြန်လည် ထူထောင်ရေးဝန်ကြီးဟောင်း Mr. Hiromichi Watanabe မှ ဂုဏ်ပြုစကား ပြောကြားကာ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးခဲ့ကြပါသည်။

ထို့နောက် မြန်မာသံရုံးမှ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား မြန်မာ့ ရိုးရာ အစားအစာများဖြစ်သည့် မုန့်ဟင်းခါး၊ မြန်မာလက်ဖက်၊ မြန်မာမုန့်များ၊ မြန်မာ့လက်ဖက်ရည်

EMBASSY OF MYANMAR, TOKYO

တို့အပါအဝင် အစားအသောက်များဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အခမ်းအနားအား (၁၃း၀၀) နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။



**၇၇ နှစ်မြောက်လွတ်လပ်ရေးနေ့တွင် တက်ရောက်လာသည့် ဧည့်သည်တော်များအား သံအမတ်ကြီးနှင့်ဇနီးတို့မှ ကြိုဆိုနှုတ်ဆက်စဉ်။**

EMBASSY OF M



နိုင်ငံတော်အလံအား အလေးပြုစဉ်။




၇၇ နှစ်မြောက်လွတ်လပ်ရေးနေ့ညှိခံပွဲအခမ်းအနားတွင် သံအမတ်ကြီး ဦးစိုးဟန်မှ မိန့်ခွန်းပြောကြားစဉ်။




၇၇ နှစ်မြောက်လွတ်လပ်ရေးနေ့ဧည့်ခံပွဲအခမ်းအနားသို့တက်ရောက်လာသည့်
အထူးဧည့်သည်တော်များနှင့်အတူ ဓာတ်ပုံရိုက်ကူးစဉ်။



မြန်မာ့အစားအစာများဖြင့်တည်ခင်းဧည့်ခံစဉ်။




မြန်မာသံရုံး၊ စစ်သံရုံး၊ သံရုံးဝန်ထမ်းများ၊ ဒေသခန့်ဝန်ထမ်းများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကူးစဉ်။


## သံအမတ်ကြီး ဦးစိုးဟန်မှ ဂျပန်ကိုမေးတိုးပါတီဥက္ကဋ္ဌကြီး Mr. Tetsuo Saito အား သွားရောက်တွေ့ဆုံခဲ့ခြင်း

(၅-၂-၂၀၂၅ ၊ တိုကျို)

သံအမတ်ကြီး ဦးစိုးဟန်သည် ၅-၂-၂၀၂၅ ရက်၊ (ဗုဒ္ဓဟူးနေ့)၊ ၀၉:၄၅ နာရီတွင် ဂျပန်ကိုမေးတိုးပါတီ ဥက္ကဋ္ဌကြီး Mr. Tetsuo Saito အား ကိုမေးတိုးပါတီအဆောက်အဦရှိ ၎င်း၏ရုံးခန်း၌ သွားရောက်တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် သံအမတ်ကြီး ဦးစိုးဟန်မှ မြန်မာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး၊ မြန်မာ-ဂျပန်နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

EMBASSY OF MYANMAR



**သံအမတ်ကြီး ဦးစိုးဟန်မှ ဂျပန်ကိုမေးတိုးပါတီ ဥက္ကဋ္ဌကြီး Mr. Tetsuo Saito အား သွားရောက်တွေ့ဆုံစဉ်။**



**မှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။**

## အာဆီယံ-ဂျပန်စင်တာ၏ (၄၄) ကြိမ်မြောက် ကောင်စီဒါရိုက်တာများ၏ ဒုတိယအကြိမ် အစည်းအဝေးသို့ မြန်မာကောင်စီဒါရိုက်တာ သံအမတ်ကြီး ဦးစိုးဟန် ပါဝင်တက်ရောက်

(၂၀-၂-၂၀၂၅၊ တိုကျို)

အာဆီယံ-ဂျပန်စင်တာ (ASEAN-Japan Centre)၏ (၄၄)ကြိမ်မြောက် ကောင်စီဒါရိုက်တာများ၏ ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် တိုကျိုမြို့၊ Onarimon Bellesalle Tower ၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ အာဆီယံ-

ဂျပန်စင်တာ၏ မြန်မာနိုင်ငံဆိုင်ရာ ကောင်စီဒါရိုက်တာဖြစ်သူ သံအမတ်ကြီး ဦးစိုးဟန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါ ကောင်စီဒါရိုက်တာ အစည်းအဝေးအား ဘရူနိုင်းနိုင်ငံ၏ ကောင်စီဒါရိုက်တာဖြစ်သူ Dr. May Fa'ezah Ahmad Ariffin က သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကောင်စီဒါရိုက်တာများ၊ ဂျပန်နိုင်ငံ၏ ကောင်စီဒါရိုက်တာဖြစ်သူ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ လက်ထောက်ဝန်ကြီးနှင့် အရှေ့တောင်အာရှနှင့်အနောက်တောင်အာရှရေးရာဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr. MIYAMOTO Shingo၊ အာဆီယံ-ဂျပန်စင်တာ အတွင်းရေးမှူးချုပ် Dr. Kunihiko Hirabayashi နှင့်ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြေယာ၊ အခြေခံအဆောက်အဦ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စုစုပေါင်း ကိုယ်စားလှယ်(၄၆)ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ၂၀၂၄ ခုနှစ်၊ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန်လျာထားခဲ့သည့် လုပ်ငန်းစီမံကိန်းများ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း အာဆီယံ-ဂျပန် စင်တာမှ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့် ဘဏ္ဍာငွေလျာထားဆောင်ရွက်သွားမည့်အခြေအနေများနှင့် အာဆီယံ-ဂျပန်စင်တာတည်ထောင်မှုဆိုင်ရာသဘောတူညီချက် ဒုတိယအကြိမ် ပြင်ဆင်ချက်စာချုပ်ကို အတည်ပြုနိုင်ရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ အဓိကထား ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးတွင် မြန်မာကောင်စီဒါရိုက်တာ သံအမတ်ကြီး ဦးစိုးဟန်မှ ၂၀၂၄ ခုနှစ်၊ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန် လျာထားခဲ့သည့် လုပ်ငန်းစီမံကိန်းများ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံကိန်းများနှင့် အာဆီယံ-ဂျပန်စင်တာတည်ထောင်မှုဆိုင်ရာ သဘောတူညီချက် ဒုတိယအကြိမ် ပြင်ဆင်ချက်စာချုပ်ကို အတည်ပြုနိုင်ရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်း များဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ပါသည်။

အာဆီယံ-ဂျပန်စင်တာ (ASEAN-Japan Centre) ၏ (၄၄) ကြိမ်မြောက်ကောင်စီ ဒါရိုက်တာများ၏ ဒုတိယအကြိမ်အစည်းအဝေးကို ညနေပိုင်းတွင်ရုပ်သိမ်းခဲ့ကြောင်းသိရှိရ ပါသည်။

EMBASSY OF MYANMAR, TOKYO



အာဆီယံ-ဂျပန်စင်တာ (ASEAN-Japan Centre)၏ (၄၄)ကြိမ်မြောက် ကောင်စီဒါရိုက်တာ များ၏ ဒုတိယအကြိမ်အစည်းအဝေးကို Onarimon Bellesalle Tower ၊ အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။



မြန်မာကောင်စီဒါရိုက်တာ သံအမတ်ကြီး ဦးစိုးဟန်မှအာဆီယံ-ဂျပန်စင်တာတည်ထောင်မှုဆိုင်ရာ သဘောတူညီချက် ဒုတိယအကြိမ် ပြင်ဆင်ချက်စာချုပ်ကို အတည်ပြုနိုင်ရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားစဉ်။

## (၃၂၄) ကြိမ်မြောက် အာဆီယံကော်မတီ (တိုကျို)အစည်းအဝေးသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ပါဝင်တက်ရောက်

(၂၇-၂-၂၀၂၅ ရက် ၊ တိုကျို)

တိုကျိုမြို့အခြေစိုက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများဖြင့် ဖွဲ့စည်းထားသည့် အာဆီယံကော်မတီ (တိုကျို) ၏ (၃၂၄) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် အာဆီယံကော်မတီ (တိုကျို) ဥက္ကဋ္ဌဖြစ်သော ဂျပန်နိုင်ငံဆိုင်ရာ မလေးရှား သံအမတ်ကြီး H.E. Dato' Shahril Effendi Abd Ghany က ကြီးမှူး၍ မလေးရှား သံရုံး၌ ကျင်းပပြုလုပ်ခဲ့ရာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်သည် ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့်အတူ ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ဂျပန်နိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများ၊ ဒေသတွင်းဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ အာဆီယံကော်မတီ(တိုကျို)မှ ဦးဆောင်ကျင်းပမည့် လှုပ်ရှားမှုများဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။ ထို့ပြင် အဆိုပါအစည်းအဝေးနှင့်တစ်ဆက်တည်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ၂၀၂၅ ကမ္ဘာ့ကုန်စည်ပြပွဲဆိုင်ရာ ကော်မရှင်နာချုပ် H.E. Mr. Koji HANEDA က ဂျပန်နိုင်ငံတွင် ၂၀၂၅ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအထိကျင်းပမည့် အိုဆာကာကန်ဆိုင်း ကမ္ဘာ့ကုန်စည်ပြပွဲပြင်ဆင်ပြီးစီးမှု အခြေအနေများအပေါ် ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် မလေးရှားသံအမတ်ကြီးက အာဆီယံသံအမတ်ကြီးများနှင့် H.E. Mr. Koji HANEDA တို့ကို နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံခဲ့ပါသည်။ နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံစဉ် အာဆီယံသံအမတ်ကြီးများနှင့် H.E. Mr. Koji HANEDA တို့သည် အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

EMBASSY OF MYANMAR, TOKYO




၃၂၄ ကြိမ်မြောက် အာဆီယံ-တိုကျိုကော်မတီ အစည်းအဝေး ကျင်းပနေစဉ်။



မြန်မာသံအမတ်ကြီးမှ ပါဝင်ဆွေးနွေးစဉ်။




**ကန်ဆိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၂၅ ကျင်းပရေး ကော်မရှင်နာချုပ် Mr. Koji Haneda မှ ရှင်းလင်းဆွေးနွေးစဉ်။**



**အမှတ်တရ ဓါတ်ပုံရိုက်ကူးစဉ်။**

## (၃၁) ကြိမ်မြောက် အာဆီယံ-တရုတ် အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်တက်ရောက်

(၁၄-၂-၂၀၂၅ ရက်၊ နင်ဘိုမြို့)

အာဆီယံပြင်ပဆက်ဆံရေးတွင် အရေးပါသည့် အာဆီယံ-တရုတ် ဆွေးနွေးဖက် ဆက်ဆံရေး၏ (၃၁) ကြိမ်မြောက် အာဆီယံ-တရုတ် အဆင့်မြင့်အရာရှိကြီးများဆွေးနွေးပွဲကို ပူးတွဲသဘာပတိများဖြစ်သည့် အာဆီယံဥက္ကဋ္ဌ မလေးရှားနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တို့မှကြီးမှူး၍ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၄ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နင်ဘိုမြို့၌ ကျင်းပပြုလုပ် ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ မလေးရှားနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက် အရ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ၌ လာအိုနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၏ နောက်ဆက်တွဲ လုပ်ငန်းစဉ်များ၊ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) ကိုအကောင် အထည်ဖော်မှုအခြေအနေများ၊ အာဆီယံမဏ္ဍိုင် (၃)ရပ် အောက်မှတစ်ဆင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များနှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် (၂၈) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်း အဝေးတို့သို့ တင်ပြဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

EMBASSY OF MYANMAR, TOKYO




စုပေါင်းဓာတ်ပုံရိုက်ကူးစဉ်။

## အာဆီယံ-မြန်မာ အဆင့်မြင့်အရာရှိကြီးဖြစ်သူ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် (၂၁)ကြိမ်မြောက် အာဆီယံ-ရုရှား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ တက်ရောက်

(၁၉-၂ -၂၀၂၅ ရက်၊ ဂျကာတာ)

အာဆီယံ-မြန်မာ အဆင့်မြင့်အရာရှိကြီးဖြစ်သူ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်သည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်မှ ၁၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ ပြုလုပ်ခဲ့သည့် (၂၁) ကြိမ်မြောက် အာဆီယံ-ရုရှား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ရုရှားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး H.E. Andrey Rudenko နှင့်အတူ ပူးတွဲသဘာပတိ များအဖြစ်ကြီးမှူးကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ ကြပါသည်။

အစည်းအဝေး၌ အာဆီယံနှင့် ရုရှားနိုင်ငံတို့၌ ဖြစ်ပေါ်တိုးတက်မှုများ၊ လက်ရှိ အာဆီယံ-ရုရှား လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) အကောင်အထည်ဖော်မှုနှင့်ပတ်သက်သည့် ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံနှင့် ရုရှားနိုင်ငံအကြား ယခုနှစ်အတွင်း ပူးပေါင်းဆောင်ရွက်သွားမည့် ဦးစားပေးအစီအစဉ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးပြီးနောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ညှော်ခန်းမဆောင်၌ ပြုလုပ်ခဲ့သည့် “ASEAN-Russia: prospects of cooperation in civilian nuclear energy and

EMBASSY OF MYANMAR TOKYO

technologies" ခေတ်ပုံပြပွဲအခမ်းအနားကို မြန်မာအမြဲတမ်းအတွင်းဝန်နှင့် ရုရှား၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီးတို့က မိန့်ခွန်းပြောကြားဖွင့်လှစ်ပေးခဲ့ကြောင်းသိရှိရပါသည်။




**(၂၁)ကြိမ်မြောက် အာဆီယံ-ရုရှား အဆင့်မြင့် အရာရှိကြီးများအစည်းအဝေးတွင် အဆင့်မြင့်အရာရှိကြီးများ စုပေါင်းဓာတ်ပုံရိုက်ကူးစဉ်။**

## Asia-Pacific Ladies Friendship Society (ALFS) ၏ (၂၀၂၄-၂၀၂၅ ) တတိယအကြိမ်မြောက် အစည်းအဝေးသို့ မြန်မာသံအမတ်ကြီး၏ ဇနီး ဒေါ်လွဲလွဲဝါ ပါဝင်တက်ရောက်

(၁၂-၂-၂၀၂၅၊ တိုကျို)

Asia-Pacific Ladies Friendship Society အာရှ-ပစိဖိတ် အမျိုးသမီးများချစ်ကြည်ရေးအသင်း၏ ၂၀၂၄-၂၀၂၅ ခုနှစ် တတိယအကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုကျိုမြို့၊ House of Representative, First Member Office Bldg., Multi-purpose Hall ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ Embassy-side Representative ဖြစ်သူ သံအမတ်ကြီး၏ ဇနီး ဒေါ်လွဲလွဲဝါ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပါသည်။

EMBASSY OF M

အဆိုပါအစည်းအဝေးသို့ ALFS မှ ဥက္ကဋ္ဌ Mrs. Mariko Nakasone ၊ Vice President ၊ Senior Executive Director နှင့် အမှုဆောင်ဒါရိုက်တာများ၊ ဂျပန်နိုင်ငံဆိုင်ရာ သံရုံးများမှ သံအမတ်ကြီး များ၏ ဇနီးများ၊ ဘာသာရပ်တာဝန်ခံများ၊ စုစုပေါင်း ကိုယ်စားလှယ် (၄၅) ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် 2024 Charity Bazaar ဈေးရောင်းပွဲတွင်ရရှိခဲ့သည့် အမြတ်ငွေများမှ သံရုံးများသို့ ခွဲဝေချထားမှုနှင့် သံရုံးများမှ ၎င်းခွဲဝေမှုများမှ သက်ဆိုင်ရာနိုင်ငံများသို့ လှူဒါန်းခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို ၁၀-၂-၂၀၂၅ ရက်နေ့၌ ကျင်းပခဲ့သည့် New Year Party တွင် ပြသခဲ့ကြခြင်းနှင့်ယင်းကဲ့သို့ နိုင်ငံအသီးသီးမှ Donation Panel ပြသခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ၂၀၂၅ Charity Bazaar ဈေးရောင်းပွဲနှင့်စပ်လျဉ်း၍ ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များအား အသေးစိတ် ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် Embassy-side Representative ဖြစ်သူ သံအမတ်ကြီး၏ ဇနီး ဒေါ်လဲ့လဲ့ဝါမှ 2025 Charity Bazaar ဈေးရောင်းပွဲတော်အား ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ကျင်းပရန် စီစဉ်ထားပါကြောင်းနှင့် သံရုံးများဘက်မှ မြန်မာ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ လာအို၊ မာရှယ်အိုင်လန်၊ မက်ခရိုနီးရှား၊ ဖူဂျီ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်၊ ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ နီပေါ၊ ပါကစ္စတန်၊ ပါပူနယူးဂီနီ၊ ဆာမိုအာ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ နယူးဇီလန်၊ မွန်ဂိုလီယား စုစုပေါင်း သံရုံး (၂၃) ရုံးပါဝင်ရောင်းချမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း သံရုံးများအားလုံးနှင့်အတူ ပူးပေါင်းလက်တွဲကာ အောင်မြင်အောင် ဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

Asia-Pacific Ladies Friendship Society (ALFS) ၏ ၂၀၂၄-၂၀၂၅ ခုနှစ် တတိယ အကြိမ်မြောက် အစည်းအဝေးကို ၁၃း၃၀ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။

EMBASSY OF MYANMAR, TOKYO



**ALFS ဥက္ကဋ္ဌ Mrs. Mariko Nakasone မှ အဖွင့်အမှာစကားပြောကြားစဉ်။**



**ALFS Senior Executive Director မှ ၂၀၂၅ Charity Bazaar ဈေးရောင်းပွဲတော်နှင့်ပတ်သတ်၍ အသေးစိတ်ရှင်းလင်းပြောကြားစဉ်။**




**Embassy-side Representative ဖြစ်သူ သံအမတ်ကြီး၏ ဇနီး ဒေါ်လွဲလွဲဝါမှ 2025 Charity Bazaar တွင် သံရုံးများဘက်မှ ပါဝင်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားစဉ်။**



**တရုတ်သံအမတ်ကြီး၏ ဇနီးမှ ပါဝင်ဆွေးနွေးစဉ်။**

# မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၇၀၀ သန်းရရှိနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိ

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ရေထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၀၀ သန်း ရရှိနိုင်ရေး ရည်မှန်းဆောင်ရွက်လျက် ရှိကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့်ပို့ကုန် လုပ်ငန်းရှင်များအသင်းမှ ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ရေထွက်ပစ္စည်းများ တင်ပို့ရာတွင် လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် ကုန်းကြောင်းတို့မှတစ်ဆင့် တင်ပို့လျက်ရှိပါသည်။ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းတို့အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရေထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၃၅ သန်းရရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ အမေရိကန် ဒေါ်လာ ၅၂၁ သန်းတန်ဖိုးရှိ ရေထွက်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပျမ်းမျှအားဖြင့် တစ်လလျှင် အမေရိကန်ဒေါ်လာ ၆၅ သန်းတန်ဖိုးရှိ ရေထွက်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရလျက်ရှိပါသည်။ မြန်မာ့ရေထွက်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ အဓိက တင်ပို့ရောင်းချလျက်ရှိပြီး၊ ထိုင်းနိုင်ငံသို့ နယ်စပ်ဂိတ်များမှတစ်ဆင့်လည်းကောင်း၊ တရုတ်နိုင်ငံသို့ လေကြောင်းမှတစ်ဆင့်လည်းကောင်း အများဆုံးတင်ပို့ရောင်းချလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရေထွက်ပစ္စည်းများကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဥရောပ နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများသို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိပါသည်။

EMBASSY OF MYANMAR, TOKYO

**Source: The Global New Light of Myanmar (2-2-2025)**



## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁.၃၃ ဘီလီယံ ဝင်ငွေရရှိခဲ့

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁.၃၃ ဘီလီယံတန်ဖိုးရှိ မြန်မာ့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၂,၇၆၇,၄၁၄ ကို နိုင်ငံပေါင်း ၄၉ နိုင်ငံသို့ တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်မှ ထုတ်ပြန်ထားပါသည်။

ဆန်တင်ပို့မည့် ကုမ္ပဏီအသစ်များအနေဖြင့် ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ရာတွင် အရည်အသွေးရှိသည့် ဆန်များတင်ပို့နိုင်ရေးနှင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ တင်ပို့နိုင်ရေး အတွက် မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်အနေဖြင့် အသိပညာများဖြန့်ဝေပေးခြင်းနှင့် သင်တန်းများ ပို့ချပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အဖွဲ့ဝင် ကုမ္ပဏီ ၉၈၀ ခုရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ၁,၁၉၆ ခုအထိ များပြားလာခဲ့ပါသည်။ မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်အနေဖြင့် ဆန်တင်ပို့လိုသည့် ကုမ္ပဏီများအား ဈေးကွက်ချိတ်ဆက်ပေးခြင်းနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

Source: The Global New Light of Myanmar (3-2-2025)



## မြန်မာနိုင်ငံရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအနေဖြင့် စက်မှုကဏ္ဍတွင် ၂၂ ရာခိုင်နှုန်းကျော် ရင်းနှီးမြှုပ်နှံလျက်ရှိ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ မြန်မာနိုင်ငံရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအနေဖြင့် စက်မှုကဏ္ဍတွင် ၂၂ ရာခိုင်နှုန်းကျော်ဖြင့် အများဆုံး ရင်းနှီးမြှုပ်နှံထားပြီး၊ အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍတွင် ၂၀ ရာခိုင်နှုန်းကျော်ဖြင့် ဒုတိယအများဆုံးနှင့် ဝန်ဆောင်မှုကဏ္ဍတွင် ၁၅ ရာခိုင်နှုန်းကျော်ဖြင့် တတိယအများဆုံး ရင်းနှီးမြှုပ်နှံထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ခဲ့ပါသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတွင် စုစုပေါင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၁၂ ရာခိုင်နှုန်းကျော်ကို လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍတွင် ၈.၆ ရာခိုင်နှုန်းကျော်ကိုလည်းကောင်း ရင်းနှီးမြှုပ်နှံထားပါသည်။ ထို့အတူ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဆောက်လုပ်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ စက်မှုဇုန်တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ သတ္တုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံထားပါသည်။

EMBASSY OF MYANMAR,

မြန်မာနိုင်ငံမှ ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကဏ္ဍ ၁၂ ခုတွင် ကျပ် ၂၅,၀၈၁ ဘီလီယံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁,၇၀၂ ခု၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် စီမံကိန်းများ ခွင့်ပြုရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုမရှိသည့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ဖြစ်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ စိစစ်ခွင့်ပြုပေးလျက် ရှိပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် စီးပွားရေးလုပ်ငန်းများအား ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်နိုင်ရေး၊ ဒေသတွင်းနှင့်နိုင်ငံတကာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွင် ပူးပေါင်းပါဝင်နိုင်ရေး၊ ပေါ်ထွန်းစလုပ်ငန်းများနှင့်အလားအလာရှိသည့် စီးပွားရေးလုပ်ငန်းများအား ပံ့ပိုးပေးနိုင်ရေး၊ လွယ်ကူအဆင်ပြေချောမွေ့သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတစ်ရပ် ဖော်ဆောင်ပေးခြင်းမှတစ်ဆင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ များပြားလာစေခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုမျှော်မှန်းချက်များ ပြည့်မီစေရေးနှင့် အဖွဲ့အစည်း၏ ဖွဲ့စည်းပုံ၊ စွမ်းဆောင်ရည်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။

**Source: The Global New Light of Myanmar (18-2-2025)**



## မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပုဂံ

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိနေသည့်ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသအဖြစ် ၂၀၁၉ ခုနှစ် ဇွန်လ ၃၀ ရက်မှ ဇူလိုင်လ ၁၀ ရက်အထိ အဇာဘိုင်ဂျန်နိုင်ငံ၊ ဘာကူမြို့တော်၌ကျင်းပခဲ့သည့် (၄၃) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေးတွင်စာရင်းသွင်းခဲ့ပါသည်။ ယူနက်စကိုအောက်ရှိ ကမ္ဘာ့အမွေအနှစ် ကော်မတီသည် ၂၀၁၄ ခုနှစ်တွင် ပျူမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသများ အဖြစ်သတ်မှတ်ခဲ့ရာ ပုဂံသည် မြန်မာနိုင်ငံ၏ ဒုတိယမြောက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသ ဖြစ်ပါသည်။

ပုဂံကို ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ရာတွင် ကမ္ဘာ့အမွေအနှစ်ဗဟိုဌာန (World Heritage Centre) ၏ အကြံပေးအဖွဲ့ဖြစ်သော နိုင်ငံတကာအထိမ်းအမှတ်အဆောက်အအုံနှင့် နေရာဒေသများကောင်စီ (International Council on Monuments and Sites - ICOMOS) က ပုဂံသည်ထူးခြား၍ အနိုင်းမဲ့သောယဉ်ကျေးမှု အမွေအနှစ်ဒေသဖြစ်သည်ဟု ထောက်ခံချက်ပေးခဲ့ခြင်းဖြစ်ပါသည်။ အနောက်ဘက်တွင် ဧရာဝတီမြစ်နှင့်အရှေ့ဘက်တွင် တုရင်တောင်တို့အကြား ခရစ်နှစ် ၉ ရာစုမှ ၁၃ ရာစု အထိ ထွန်းကားခဲ့သော ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဘုရားပုထိုးစေတီများ၊ အထိမ်းအမှတ်အဆောက်အအုံများ၊ သမိုင်းဝင်နန်းတော်ရာများ ပြန့်ကျဲတည်ရှိနေကြပြီး အတိတ်သမိုင်းတွင် ခမ်းနားကြီးကျယ်ခဲ့သည့်ပုံရိပ်များကို ရင်သပ်ရှုမောဖွယ် တွေ့မြင်ခံစားနိုင်ပါသည်။

ပုဂံခေတ်တွင် ထေရဝါဒဗုဒ္ဓဘာသာသည် အခြေခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး စီးပွားရေးလည်းကောင်းမွန်ခဲ့သည်။ နိုင်ငံတည်ငြိမ်အေးချမ်းခြင်းနှင့် သာယာဝပြောခြင်းတို့ကြောင့် ထွန်းကားလာခဲ့သည့် ဘာသာသာသနာအပေါ်တွင် သဒ္ဓါတရားကြီးမားထက်သန်မှုတို့နှင့်အတူ အံ့မခန်းဖွယ် ဗိသုကာအနုလက်ရာများနှင့် သာသနိကအဆောက်အအုံများကို ဆောက်လုပ်ခဲ့ကြခြင်းဖြစ်သည်။ ပုဂံတွင် တည်ရှိနေသည့် ဘုရားပုထိုးအရေအတွက်များနှင့် စပ်လျဉ်း၍ "လှည်းဝင်ရိုးသံ - ၄၄၄၆ ဆူ" ဟူ၍လည်းကောင်း၊ "ဝင်းဝင်းထိန်လျှံ - ၄၄၇၄ ဆူ" ဟူ၍လည်းကောင်း အမှတ်အသားများရှိခဲ့ပြီး မျက်မှောက်ခေတ် ရှေးဟောင်းသုတေသနက ကောက်ယူထားသော စာရင်းများအရ ပုဂံဘုရား ပုထိုးများအရေအတွက်ကို "ကျောင်းကြီးအုတ်နီ - ၂၂၁၇ ဆူ" ဟူ၍ မှတ်သားထားပါသည်။

EMBASSY OF MYANMAR, TOKYO

နှစ်ပေါင်းရာထောင်ချီ၍ တည်ရှိလာခဲ့သောပုဂံသည် ခေတ်အဆက်ဆက်တွင် သဘာဝဘေးအန္တရာယ်များနှင့် လူတို့၏ဖျက်ဆီးမှု အန္တရာယ်များကိုပါခံခဲ့ရသည်။ အထူးသဖြင့် သမိုင်းမှတ်တမ်းအရ နှစ်ပေါင်း ၉၀၀ အတွင်း အဆိုးဆုံးဟုဆိုသည့် ၁၉၇၅ ခုနှစ် ဇူလိုင် ၈ ရက်တွင်လှုပ်ခဲ့သည့်ငလျင်ကြောင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နယ်မြေတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုပမာဏမှာ ကြီးမားလှပြီး အစားထိုးမရလောက်အောင် ပျက်စီးခဲ့ရခြင်းဖြစ်သည်။ အဆိုပါ ငလျင်လောက် မပြင်းထန်သော်လည်း ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ပုဂံတွင် ထိခိုက်ဆုံးရှုံးမှုများ ထပ်မံဖြစ်ပေါ်ခဲ့သည်။ ထို့အပြင် ပြောင်းလဲလာသည့် ရာသီဥတုများကြောင့်လည်း ပုဂံရှိဘုရားပုထိုးများတွင် ထိခိုက်မှုများရှိနေပြန်ရာ ကမ္ဘာ့အမွေအနှစ်၊ မြန်မာ့အမွေအနှစ် ပုဂံကို စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်မှုများဖြင့် အစွန်နှရှည် တည်တံ့စေရေးအတွက် မြန်မာအစိုးရမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။



**ပုဂံ၏ရှုခင်းအလှအား တွေ့မြင်ရစဉ်။**



ရွှေစည်းခုံစေတီတော်ကြီးအား သပ္ပယ်စွာဖူးတွေ့ရစဉ်။



ပုဂံအလှနှင့် မြန်မာ့ယဉ်ကျေးမှုများအားတွေ့မြင်ရစဉ်။




**ညနေခင်း နေဝင်ဆည်းဆာအလှအား ပုဂံစေတီပုထိုးများနှင့်အတူ တွေ့မြင်ရစဉ်။**

## ၂၀၂၆ တွင် ခြင်းလုံးအားကစားကို ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ အမည်စာရင်းတင်သွင်းရန်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် (MCF) သည် ခြင်းလုံးခတ်ပြိုင်ပွဲဟု လူသိများသော မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို ၂၀၂၆ ခုနှစ်တွင် ယူနက်စ ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ယင်းကြိုးပမ်းမှုကို ပံ့ပိုးကူညီရန်အတွက် MCF မှ ရိုးရာခြင်းလုံးအားကစားနှင့်ပတ်သက်သည့် သမိုင်းဆိုင်ရာအချက်အလက်များကို စုဆောင်းမှတ်တမ်းတင်ရန် ကော်မတီများဖွဲ့စည်းထားကြောင်း MCF ၏ အဖွဲ့ချုပ်ထံမှသိရှိရပါသည်။

စုဆောင်းလျက်ရှိသည့် အချက်အလက်များတွင် ခြင်းလုံးအားကစားနည်းအပြင် ၎င်း၏ ဆက်စပ်ပစ္စည်းများ၊ ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ အထောက်အထားများပါ အကျုံးဝင်ပါသည်။ ခြင်းလုံးအားကစားတွင် ခြေချောင်း၊ ခြေဖဝါး၊ ဒူး၊ လက်ဖဝါး နှင့် ခြေဖနောင့်များဖြင့် ခြင်းလုံးကို ရိုက်ခတ်၍ ကစားရခြင်းဖြစ်ပါသည်။

ခြင်းလုံးအားကစားသည် မြန်မာလူမျိုးများသာမက နိုင်ငံခြားသားများပါ ကြိုက်နှစ်သက်သည့် ရိုးရာအားကစားနည်းဖြစ်ပြီး ပျူခေတ်ကတည်းက ကစားခဲ့ကြသည်ဟုယုံကြည်ကြသည်။ ၎င်း၏ ထူးခြားချက်မှာ တစ်ဦးချင်း သို့မဟုတ် အသင်းများကြား ပြိုင်ဆိုင်မှု မဟုတ်သော်လည်း ခြင်းလုံးအား မြေပေါ်မကျစေရန် ကစားသမားများအတူတကွ ပူးပေါင်းလုပ်ဆောင်သည့် ကြိုးပမ်းလုပ်ဆောင်မှုတစ်ခုဖြစ်ပါသည်။



**မြန်မာ့ရိုးရာခြင်းလုံးအားကစားကို အဖွဲ့လိုက်ကစားစဉ်။**



**ခြင်းလုံးကစားနည်းအား အလှပြဖျော်ဖြေတင်ဆက်စဉ်။**



ခြင်းလုံးကစားနည်းအား ကြိမ်ကွင်းဖြင့် အလှပြဖျော်ဖြေတင်ဆက်စဉ်။

EMBASSY OF MYANM